Message Seven

# ယုံကြည်သူများ၌ ပုံသဏ္ဌာန်ပေါ်လာခြင်းရှိသောအရှင်

ဖတ်ရန်ကျမ်း။ ။ ဂလ၊၁း၁၅-၁၆။ ၂း၂၀။ ၃း၂၉။ ၄း၅၊ ၁၉။
ဧ၊၃း၁၇က။ ၂ကော၊၃း၁၈။ ရော၊၈း၂၉။ ၁၂း၂က

**I. ဓမ္မသစ်ကျမ်းက ခရစ်တော်သည် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်းနှင့် နက်ရှိုင်းစွာ ဆက်နွှယ်နေပြီး၊ ကျွန်ုပ်တို့အတူ အတွင်းကျကျ ဆက်နွှယ်မှု ရရှိလိုကြောင်း ဖွင့်ပြထားသည် - ဂလ၊၁း၁၅-၁၆။ ၂း၂၀။**

A. ဘုရားသခင်က သားတော်ကို ပေါလုနှင့် ကျွန်ုပ်တို့ထံသို့ ဖွင့်ပြခဲ့သည် - ၁း၁၅-၁၆။

1. ဂလာတိ ၁း၁၆ ရှိ *ဖွင့်ပြ* ဟူသောစကားလုံးသည် အရေးပါလှပြီး၊ အဆုံးစွန် အရေးကြီးပေသည်။
2. ဖွင့်ပြခြင်းမှာ လျှို့ဝှက်စွာ သိမ်းထားခဲ့ဖူးသည့် တစ်စုံတစ်ရာကို သိသာထင်ရှားစေခြင်း (ထုတ်ပြောခြင်း) သို့မဟုတ် ပွင့်လင်းစွာ ပြသခြင်း (ထုတ်ဖော်ပြသခြင်း) ဖြစ်သည်။
3. ဓမ္မသစ်ကျမ်း၌ *ဖွင့်ပြခဲ့ခြင်း* ကို ကျွန်ုပ်တို့၏ဝိညာဉ်နှင့် စပ်လျဉ်း၍ အလွန်လေးနက်သည့်ပုံစံ၌ အသုံးပြုထားခြင်းဖြစ်သည် - ရော၊၁း၁၇။ ၈း၁၈။ ၁ကော၊၂း၁၀။ ၁ပေ၊၁း၅။ ၅း၁။
4. ဘုရားသခင်က သားတော်ကို ကျွန်ုပ်တို့ထံ ဖွင့်ပြခြင်းမှာ ကျွန်ုပ်တို့၌ ဖြစ်သည်။ ၎င်းသည် အပြင်ပိုင်းမဟုတ်ဘဲ၊ အတွင်းပိုင်းဖြစ်ကာ၊ အပြင်ပိုင်း ရူပါရုံမဟုတ်ဘဲ၊ အတွင်းပိုင်း မြင်ခြင်း ဖြစ်သည်။
5. ဘုရားသခင်၏စိတ်နှလုံးတော်အလိုဆန္ဒမှာ သားတော်ကို ကျွန်ုပ်တို့၌ ဖွင့်ပြရန်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို သိရှိမည်၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏အသက်အဖြစ် လက်ခံရရှိမည်ဖြစ်ကာ (ယော၊၁၇း၃။ ၃း၁၆)၊ ဘုရားသခင်၏သားများ ဖြစ်လာနိုင်ကြမည်ဖြစ်သည် (၁း၁၂။ ဂလ၊၄း၅-၆)။

B. ဂလာတိ ၂း၂၀ ၌ ဘုရားသခင့်စီမံကိန်း၏ အခြေခံအကျဆုံးသော သမ္မာတရားကို ကျွန်ုပ်တို့မြင်ရသည် - ကျွန်ုပ်မရှင်တော့၊ ခရစ်တော်သည် ကျွန်ုပ်၌ အသက်ရှင်သည်။

1. ခရစ်တော်သည် ဘုရားသခင်၏စီမံကိန်းအတိုင်း ကားတိုင်ပေါ်အသေခံရသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပါဝင်ခဲ့ကြသည်။ ဤသည်မှာ ပြီးပြည့်စုံခဲ့ပြီးသောအကြောင်းရင်းမှန် ဖြစ်သည် - ရော၊၆း၆။ ဂလ၊၂း၂၀။ ၆း၁၄။
2. ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ရှင်သန်သောပေါင်းစည်းခြင်းမှတစ်ဆင့် ပညတ်တရားထံသို့ သေ၍ ဘုရားသခင်ထံ အသက်ရှင်ကြရမည်ဖြစ်သည် - ယော၊၁၅း၄-၅။ ၁ကော၊၆း၁၇။ ရော၊၁၂း၄-၅။ ၁သက်၊၁း၁။
3. ဂလာတိ ၂း၂၀ ရှိ "ငါ"သည် ပေါလုကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့အယောက်စီတိုင်းကို ရည်ညွှန်းကာ၊ ပေါလု၏သက်သေခံချက်သည် ကျွန်ုပ်တို့၏သက်သေခံချက်လည်း ဖြစ်သည်။
   a. "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ" - အငယ်၊၂၀က။
   b. "ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏" - အငယ်၊၂၀ခ။
   c. "အသွေးအသား၌ ယခုငါရှင်သော အသက်သည် ... ဘုရားသခင်၏ သားတော်ကို ယုံကြည်သော ယုံကြည်ခြင်း၌ တည်၏" - အငယ်၊၂၀ဂ။
   d. "ငါ့ကိုချစ်၍၊ ငါ့အဖို့ ကိုယ့်ကိုယ်ကို ပေးအပ်တော်မူသော ဘုရားသခင်၏ သားတော်" - အငယ်၊၂၀ဃ။
   e. "မည်ရာသည် ကင်းကွာစေနိုင်နည်း / အဆုံးထိ ကိုယ်တော်ချစ်မှု / ကိုယ်တော်မေတ္တာလွန်ကြီးမားလှ / ကိုယ်တော်နှင့်ကျွန်ုပ်ပေါင်းစည်း / နှစ်ဦးဖြစ်သော်လည်း တစ်ဦးတည်း / ကိုယ်တော်ကျွန်ုပ်၊ ကျွန်ုပ်ကိုယ်တော် / ဤရာ ကျွန်ုပ်သက်သေခံချက် / မေတ္တာတော်၌ထာဝရ" - ဓမ္မသီချင်း မြန်မာ ၉၁၊ အပိုဒ် ၄။

**II. ခရစ်တော်သည် ကားတိုင်မှာအသေခံရခြင်းမှာ (ဂလ၊၃း၁) ကျွန်ုပ်တို့ကို ပညတ်တရား၏ ကျိန်ခြင်းထဲက ရွေးနုတ်ရန် (အငယ်၊ ၁၃) နှင့် လောက၏ ဆိုးညစ်သော ဘာသာတရားလမ်းကြောင်းထဲက ကျွန်ုပ်တို့ကို ကယ်နုတ်ရန် (၁း၄) ဖြစ်ကာ၊ ကိုယ်တော်**

**သည် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့၌ ကိုယ်တော်အသက်ရှင်နိုင်မည် (၂း၂၀)၊ ကျွန်ုပ်တို့၏ရင့်ကျက်လာခြင်း၌ ကျွန်ုပ်တို့တွင် ပုံသဏ္ဍာန်ပေါ်လာနိုင်မည်ဖြစ်သည် (၄း၁၉)။**

**III. ဂလာတိ ၄း၁၉ တွင် ခရစ်တော်ကို ယုံကြည်သူများ၌ ပုံသဏ္ဍာန်ပေါ်လာသောအရှင်အဖြစ် တင်ဆက်ထားသည်။**

A. အသက်ရှင်သော ပုဂ္ဂိုလ်ဖြစ်သည့် ခရစ်တော်သည် ပေါလု၏ဧဝံဂေလိတရား ဗဟိုပြုသည့်အချက် ဖြစ်သည် - ၁း၁၆။ ရော၊ ၁း၁၊ ၃-၄။

B. ပေါလု၏ ဟောပြောခြင်းသည် ယုံကြည်သူများ၌ အသက်ရှင်သောဘုရားသခင်၏သားတော် ဖြစ်သည့် ခရစ်တော် မွေးဖွားထွက်ပေါ်လာစေရန် ဖြစ်သည် - ဂလ၊၁း၁၅-၁၆။ ၂း၂၀။ ၄း၁၉။

C. ခရစ်တော်သည် ယခု ကျွန်ုပ်တို့၌ အသက်ရှင်နေပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာလိမ့်မည်ဖြစ်သည် - အငယ်၊၁၉။

D. ပေါလုသည် သားဖွားဝေဒနာခံစားခဲ့သည်၊ သို့မှသာ ခရစ်တော်သည် ယုံကြည်သူများ၌ သူတို့၏ သားဖြစ်ခြင်းအရာ အပြည့်အဝရရှိခြင်းအတွက် ပုံသဏ္ဍာန်ပေါ်လာနိုင်မည်ဖြစ်သည် - အငယ်၊၅၊ ၁၉။

**IV. ဓမ္မသစ်ကျမ်းရှိ ပေါလု၏အသုံးအနှုန်းအရ *ပုံသဏ္ဍာန်ပေါ်လာခြင်း* ဟူသောစကားလုံးမှာ အတွင်းပိုင်းဖြစ်ခြင်း၏ အပြင်ပိုင်း ထင်ရှားခြင်းကို ရည်ညွှန်းသည် (ဖိ၊၂း၆)။ ကျွန်ုပ်တို့ဖြစ်သောအရာသည် ကျွန်ုပ်တို့၏ပုံသဏ္ဍာန်၌ ထင်ရှားပေါ်လာသည်၊ ယင်းမှာ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အပြင်ပိုင်း ထင်ရှားခြင်းဖြစ်သည်။**

**V. ကျွန်ုပ်တို့၌ ခရစ်တော်ပုံသဏ္ဍာန်ပေါ်လာခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော်သည် အပြည့်အဝကြီးထွားလာခြင်း ဖြစ်သည် - ဂလ၊ ၄း၁၉။ ဧ၄း၁၃-၁၆။**

A. ရှေ့ဦးစွာ ကျွန်ုပ်တို့ နောင်တရ၍ ကိုယ်တော်အထဲသို့ ယုံကြည်လက်ခံသည့်အချိန်၌ ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ မွေးဖွားလာခဲ့ပြီး၊ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် ကျွန်ုပ်တို့၌ ကိုယ်တော်အသက်ရှင်လာသည် (ဂလ၊၂း၂၀)၊ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ရင့်ကျက်လာခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာလိမ့်မည်ဖြစ်သည်။

B. ကျွန်ုပ်တို့၌ ခရစ်တော်ပုံသဏ္ဍာန်ပေါ်လာခြင်းမှာ ကိုယ်တော်အား ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသို့ စိမ့်ဝင်ပျံ့နှံ့ရန်နှင့် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်းကို ပျော်ဝင်ပြည့်ဝရန် အခွင့်ပေးခြင်းဖြစ်သည် - ၄း၁၉။ ဧ၃း၁၇က။ ကော၊၃း၄၊ ၁၀-၁၁။

1. ခရစ်တော်သည် ကျွန်ုပ်တို့အတွင်းဖြစ်ခြင်းကို ဤနည်းလမ်း၌ သိမ်းပိုက်လွှမ်းမိုးသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာခြင်းဖြစ်သည် - ဆာ၊၅၁း၆။
2. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းသို့ ပျော်ဝင်ပြည့်ဝရန် အခွင့်ပေးဖို့ လိုအပ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ သိမ်းပိုက်လွှမ်းမိုးခြင်း၊ ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒကို ပျော်ဝင်ပြည့်ဝခြင်း ရှိရမည်ဖြစ်သည် - ဖိ၊၂း၅။ ဧ၃း၁၇က။
3. ခရစ်တော်က ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ပိုင်ဆိုင်ခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာခြင်းပင်ဖြစ်သည် - ဂလ၊၄း၁၉။

C. ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်ဆောက်နေထိုင်ခြင်းအတွက် ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌ အခြေချနေနိုင်ရန် လိုအပ်သည်၊ ဤအရာသည် ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အစိတ်အပိုင်းအားလုံး၌ ခရစ်တော်ကို သူ၏ အိမ်ဆောက်နေထိုင်ခြင်းငှာ အခွင့်ပေးဖို့ တောင်းဆိုနေသည်။ ဤသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဍာန်ပေါ်လာခြင်းပင် ဖြစ်သည် - ဧ၃း၁၇က။

D. ကျွန်ုပ်တို့၌ ခရစ်တော်သည် ပုံသဏ္ဍာန်ပေါ်လာခြင်းမှာ အရာအားလုံးပါဝင်သော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းကို သိမ်းပိုက်လွှမ်းမိုးခွင့်ပေးခြင်းပင် ဖြစ်သည် - ဂလ၊၄း၁၉။ ၃း၂-၃၊ ၁၄။

1. ခရစ်တော်သည် ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒအထဲသို့သာ ပျံ့နှံ့ရုံမျှသာ မရှိသင့်ပါ။ ကိုယ်တော်သည် အမှန်ပင် ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒဖြစ်လာသင့်ပါသည် - ဖိ၊၂း၅။ ၁ကော၊၂း၁၆။

2. ခရစ်တော်မှလွဲ၍ အခြားအရာခပ်သိမ်းသည် လျော့နည်းသွားရမည်ဖြစ်ပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်လာရမည်။ ဤသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဌာန်ပေါ်လာခြင်းဖြစ်သည်။

E. ကျွန်ုပ်တို့၌ ခရစ်တော်ပုံသဏ္ဌာန်ပေါ်လာခြင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးနှင့်အတူ ရောနှောပေါင်းစည်းခြင်းရှိရန် ဖြစ်သည် - ဖိ၊၁း၁၇။

1. ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်း၌ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရောနှောပေါင်းစည်းနေသင့်သည် - ဧ၊၄း၂၃။

2. ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော် ပြည့်စုံစွာ ပေါင်းစည်းသွားသည့်တိုင်း ကျွန်ုပ်တို့ကို စိမ့်ဝင်ပျံ့နှံ့ခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်း ရှိရမည်ဖြစ်သည်။ ထိုနောက် ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဌာန်ပေါ်လာလိမ့်မည်ဖြစ်သည် - ၃း၁၇က။ ဂလ၊၄း၁၉။

F. ခရစ်တော်သည် ယုံကြည်သူများ၌ ပုံသဏ္ဌာန်ပေါ်လာခြင်းအကြောင်း ပေါလု၏ စကားမှာ ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံနေကြကြောင်း ရည်ညွှန်းသည် - ကော၊၁း၂၇။ ၃း၄၊ ၁၀-၁၁။

1. ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်နေသည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံသဏ္ဌာန်ပေါ်လာနေသည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စေ့စပ်ထုံးဖွဲ့ခြင်း ဖြစ်လာခဲ့သည်။ ယခု ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်နေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ရှင်သန်စွာ စေ့စပ်ထုံးဖွဲ့ခြင်းရှိနိုင်မည်ဖြစ်သည် - ဂလ၊၂း၂၀။ ကော၊၃း၄၊ ၁၀-၁၁။

2. နောက်ဆုံးတွင် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်၏ဒြပ်သဘာဝဖြင့် စေ့စပ်ထုံးဖွဲ့သွားလိမ့်မည်ဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းတိုင်းကို စေ့စပ်ထုံးဖွဲ့ပေးလိမ့်မည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်း၌ ကိုယ်တော်၏ပုံစံ၊ ကိုယ်တော်၏ပုံသဏ္ဌာန် ရှိနိုင်မည်ဖြစ်သည် - ၂ကော၊ ၃း၁၈။ ရော၊၈း၂၉။

G. ဂလာတိ ၄း၁၉ ရှိ *ပုံသဏ္ဌာန်ပေါ်လာခြင်း* မှာ ၂ကောရိန္သု ၃း၁၈ ရှိ *ပုံသဏ္ဌာန်တော်* နှင့် ကိုက်ညီမှုရှိသည်။

1. ခရစ်တော်သည် ကိုယ်တော်၏ဒြပ်သဘာဝဖြင့် ကျွန်ုပ်တို့အတွင်း၌ ရှင်သန်စွာ လုပ်ဆောင်နေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံပေါ်လာခြင်းရှိ၍ ကိုယ်တော်၏ပုံသဏ္ဌာန်တော်ကို ထင်ရှားနိုင်မည်ဖြစ်သည် - ရော၊၈း၂၉။

2. ခရစ်တော်သည် ကျွန်ုပ်တို့၌ ပုံပေါ်လာခြင်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်းသည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်အထဲသို့ သဏ္ဌာန်ပြောင်းလဲမှုရှိခြင်းအပေါ် မူတည်သည် - ၂ကော၊၃း၁၈။

3. ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်အထဲသို့ သဏ္ဌာန်ပြောင်းလဲကာ၊ ကိုယ်တော်၏ဖြစ်ခြင်းသည် ကျွန်ုပ်တို့၌ ပုံပေါ်လာခြင်းက ကျွန်ုပ်တို့ကို ကိုယ်တော်၏ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာခြင်း ရှိစေသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီခြင်းမှာ ကျွန်ုပ်တို့၌ ကိုယ်တော်ပုံပေါ်လာခြင်း၏ ရလဒ်ဖြစ်သည် - ဂလ၊၄း၁၉။ ရော၊၈း၂၉။

H. ကျွန်ုပ်တို့၌ ခရစ်တော်ပုံပေါ်လာခြင်းမှာ ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းသုံးခု - ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒ - သည် အသစ်ပြုပြင်ခံရခြင်းပင် ဖြစ်သည် - ၁၂း၂က။ ဧ၊၄း၂၃။

1. ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒသည် အသစ်ပြုပြင်ခံရရန်အလို့ငှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒကို ပျော်ဝင်ပြည့်ဝကာ၊ ကျွန်ုပ်တို့စိတ်ရှိ အတ္တနှင့် လောကကို ကိုယ်တော်ကိုယ်တိုင်ဖြင့် အစားထိုးခြင်းရှိရမည်ဖြစ်သည် - ရော၊၁၂း၂က။

2. ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ အသစ်ပြုပြင်ခံရသောအခါ ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းသည် ခရစ်တော်၏ ပုံသဏ္ဌာန်တော်ကို ဆောင်လိမ့်မည်ဖြစ်သည် - ၂ကော၊၃း၁၈။ ရော၊၈း၂၉။

**VI. ခရစ်တော်သည် ကျွန်ုပ်တို့၌ ပုံပေါ်လာရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် အရွယ်ရောက်ပြီးသောသားများနှင့် အမွေခံများဖြစ်လာ၍၊ ဘုရားသခင်ကတိပေးထားသော ကောင်းချီးမင်္ဂလာကို အမွေခံနိုင်မည်၊ ထိုသို့ဖြင့် ဘုရားဆိုင်ရာသားအရာ၌ ကျွန်ုပ်တို့ ရင့်ကျက်ခြင်း ရှိနိုင်မည်ဖြစ်သည် - ဂလ၊၃း၁၄၊ ၂၆၊ ၂၉။ ၄း၅-၆။**

A. ဂလာတိ ၃း၂၆ တွင် "သင်တို့အပေါင်းသည် ခရစ်တော်ယေရှု၌ ယုံကြည်သဖြင့် ဘုရားသခင်၏ သားများဖြစ်ကြ၏" ဟုပြော ထားသည်။ *ဘုရားသခင်၏သားများ* ဟူသော ဖော်ပြချက်မှာ အရွယ်ရောက်ပြီးသောသားများကို ရည်ညွှန်းသည်။

B. ဓမ္မဟောင်းအောက်တွင် ဘုရားသခင်၏ ရွေးချယ်ခံလူများသည် နို့စို့သူငယ်များအဖြစ် မှတ်ယူခံရသည်။ ယခု ဓမ္မသစ်လက် အောက်တွင် သူတို့သည် အရွယ်ရောက်ပြီးသောသားများ၊ ကတိထားသော ကောင်းချီးမင်္ဂလာ - အရာအားလုံးပါဝင်သော ခရစ်တော်၏ ဝိညာဉ်တော် - ကို အမွေခံရမည့်သူများအဖြစ် မှတ်ယူခံရသည်။

C. ခရစ်တော်သည် ကျွန်ုပ်တို့၌ ရင့်ကျက်လာခြင်း ရှိရမည်၊ ယင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အမွေအဖြစ် သုံးပါးတစ်ပါး ဘုရားကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အမွေခံများဖြစ်ရန်အလို့ငှာ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် သည် ကျွန်ုပ်တို့အမွေ၏ အာမခံ ဖြစ်သည် - ဧ၊၁း၁၃ခ-၁၄။ ၁ပေ၊၁း၄။

D. ကျွန်ုပ်တို့သည် သခင်ဘုရားက ကျွန်ုပ်တို့အား ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ခေါ် ဆောင်မည့်အကြောင်း ဆုတောင်းရန် လိုအပ်သည်၊ ထိုခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ မွေးဖွားခဲ့ပြီး၊ ကျွန်ုပ်တို့၌ ယခု အသက်ရှင်ကာ၊ ကျွန်ုပ်တို့ရင့်ကျက်လာသောအခါ ကျွန်ုပ်တို့၌ ပုံပေါ်လာမည်ဖြစ်သည်၊ ယင်းမှာ အရွယ်ရောက်ပြီးသော သားများဖြစ်၍၊ ဘုရားသခင်ကတိထားတော်မူသော ကောင်းချီးမင်္ဂလာ၏ အမွေခံများဖြစ်ရန်နှင့် ဘုရားဆိုင်ရာသားအရာ၌ ကျွန်ုပ်တို့ ရင့်ကျက်လာခြင်းရှိရန်ပင် ဖြစ်သည် - ဂလ၊၃း၂၉။ ၄း၆၊ ၁၉။

*© 2024 Living Stream Ministry*